ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့၊ (28-3-2011) (ဖ၇၁၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့်

(၆၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပ

နေပြည်တော် မတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၁၁ ခုနှစ် (၆၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၁၁ ခုနှစ် (၆၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရာ ဇေယျာသီရိဗိမာန်သို့ ည ၇ နာရီတွင် ရောက်ရှိလာကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၁၁ ခုနှစ် (၆၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

၂၈-၃-၂၀၁၁
(တနင်္လာနေ့)

တီဘီရောဂါ တိုးမြှင့်တိုက်ဖျက် ကာကွယ်ကုသ

လူ့ဘဝတွင် အသက်ရှည်ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအလေးထားကြရမည့်အချက်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းသက်တမ်းစေ့ နေထိုင်နိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေး ရည်မှန်းချက်ထားရှိသည်။ ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါကုသရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်။

ထို့အတူ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို နယ်စပ်အစွန်အဖျားဒေသများနှင့် ကျေးလက်ဒေသများအထိ ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ပေးလျက်ရှိသည်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ အကျိုးရလဒ်အဖြစ် ကျောက်ကြီးရောဂါပပျောက်စေခဲ့သည်။ အနာကြီးရောဂါ၊ မိခင်နှင့် မွေးကင်းစကလေး မေးခိုင်ရောဂါတို့ ကင်းဝေးစေခဲ့ပြီဖြစ်သည်။

သို့သော် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကိုမူ ဆက်လက်ကြိုးပမ်းကြရပေဦးမည်။ တီဘီရောဂါသည် လွန်ခဲ့သည့် နှစ်ပေါင်း ၆၀၀၀ နီးပါးကစပြီး လူသားများကို ကူးစက်ပြန့်ပွားခဲ့သည်။ ယနေ့ကမ္ဘာတွင် နှစ်စဉ်တီဘီ ရောဂါဖြစ်ပွားသူ ကိုးသန်းခန့်ရှိပြီး သေဆုံးသူတစ်သန်းကျော်ရှိနေသည်။

တီဘီရောဂါဖြစ်ပွားသူများ၏ ၈၀ရာခိုင်နှုန်းသည် အသက်(၁၅)နှစ်မှ (၅၄)နှစ်ကြားရှိသူများဖြစ်သည်။ ကုန်ထုတ်စွမ်းအား အပေးနိုင်ဆုံးအုပ်စုတွင်ဖြစ်ပွားနေသဖြင့် တီဘီရောဂါ တိုက်ဖျက်ရေးအရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြရပြီဖြစ်သည်။ ကမ္ဘာ့တီဘီရောဂါ အဖြစ်အများဆုံး ၂၂ နိုင်ငံရှိပြီးအရှေ့တောင်အာရှမှ မြန်မာနိုင်ငံအပါအဝင် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများပါဝင်သည်။

တီဘီရောဂါ ဝေဒနာရှင်အများစုသည် မိမိတို့တွင် တီဘီရောဂါရှိနေမှန်း မသိရှိကြပေ။ သိရှိကြသော်လည်း ရောဂါပျောက်ကင်းသည်အထိ အပြည့်အဝကုသမှု မခံယူခြင်းတို့ကြောင့် ရောဂါကူးစက်ဖြစ်ပွားသူများပြားလာခြင်းဖြစ်သည်။ လူတစ်ဦးသည် ရက်သတ္တသုံးပတ်ကျော်ချောင်းဆိုးနေခြင်း၊ ညနေပိုင်းကိုယ်အပူချိန်တက်ခြင်း၊ အဖျားတာရှည်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ကိုယ်အလေးချိန်လျော့ခြင်း၊ သလိပ်တွင်သွေးပါခြင်း၊ မောပန်းလွယ်ခြင်း၊ ကျောရင်အောင့်ခြင်းတို့ ဖြစ်ပေါ်နေပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ သွားရောက်စစ်ဆေးကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် တီဘီရောဂါတိုက်ဖျက်ရေးကို တိုက်ရိုက်ကြည့်ရှုအချိန်တိုကုထုံးနည်းဖြင့် တစ်ပြည်လုံးလွှမ်းခြုံ၍ အခမဲ့ကုသပေးနေသည်။ တီဘီဆေးပေါင်းသည် အစွမ်းထက်ဆေးများဖြစ်၍ ရောဂါပျောက်ကင်းစေရန် ကုသပေးနိုင်သည်။ တီဘီရောဂါဖြစ်နေသူများအား တွေ့အောင်ရှာ၊ အမြန်ဆုံးပျောက်ကင်းစေရန် ကုသပေးနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံးက ကျန်းမာရေးအသိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင် မတ် ၁၆ ရက်က ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ခရမ်း-ကွမ်းမိုးဒိန်းလမ်း အဆင့်မြှင့်တင်လုပ်ငန်း၊ မြို့သာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများနှင့် ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို စစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အခြေခံပညာ(ကာယပညာ)မိသားစု အာစရိယပူဇော်မည်

ရန်ကုန် မတ် ၂၇

စတုတ္ထအကြိမ်မြောက် အခြေခံပညာ(ကာယပညာ)မိသားစုက အသက်(၇၀)ပြည့်ပြီး ကာယပညာဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဧပြီ ၃ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ရန်ကင်းပညာရေးကောလိပ်၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများတက်ရောက်ကြရန်ပါနှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးမဲအောင် ဖုန်း-၀၉-၄၉၃၁၅၆၂၇၊ ဦးလှထွန်း ဖုန်း-၀၁-၅၄၈၈၁၈၊ လိုင်းခွဲ-၁၂၀၊ ၀၁-၆၄၆၁၈၃၊ ဦးကျော်ဒွေး ဖုန်း-၀၉-၈၆၂၈၈၃၈၊ ဦးညွန့်ဝင်း ဖုန်း-၀၁-၅၃၆၁၃၆၊ ဦးသန်းအောင် ဖုန်း-၀၉-၇၃၀၁၈၁၁၂၊ ဒေါ်ခင်မာရီ ဖုန်း-၀၉-၅၀၆၈၄၆၃နှင့် ဦးအေးမင်း ဖုန်း-၀၉-၇၃၁၃၂၀၄၉တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။(ကြေးမုံ)

ပြည်သူ့သဘောထား	
	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
	✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်အမှာစကားပြောကြား

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် မတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၄ ရက်တွင် လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးက ကျန်းမာရေးဝန်ကြီးဌာနမှ ပေးပို့သော ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်သဝဏ်လွှာကို ဖတ်ကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းထူးချွန်ဆုရ မြို့နယ်များ၊ တီဘီရောဂါ တိုက်ဖျက်ရေးရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်သော မြို့နယ်များ၊ ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဉာဏ်စမ်းဗဟုသုတ ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တာဝန်ရှိသူတစ်ဦးက တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇေယျာသီရိနှင့် ဒက္ခိဏသီရိမြို့နယ် မီးသတ်စခန်းများ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၇

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် မတ် ၁၉ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် မီးသတ်စခန်း၊ အမှတ်(၅) မီးသတ်စခန်းနှင့် အမှတ်(၆)မီးသတ်စခန်း တို့ကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ထိုသို့စစ်ဆေးရာတွင် ညွှန်ကြားရေးမှူးချုပ်က မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့် မီးငြိမ်းသတ်ရေး လုပ်ငန်းများတွင် "မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်"နိုင်ရေးအတွက် ကျွမ်းကျင်လျင်မြန်မှု၊ ကြံ့ခိုင်မှုရှိရေးအတွက် အသားတကျဖြစ်အောင် အကြိမ်ကြိမ် အခါခါ လေ့ကျင့်သွားရန်၊ ဆက်သွယ်ရေး၊ ငြိမ်းသတ်ရေးလုပ်ငန်းများတွင် မီးသတင်းရရှိရေးနှင့် မီးငြိမ်းသတ်ယာဉ်များ လွယ်ကူလျင်မြန်စွာ ဝင်/ထွက် ငြိမ်းသတ်ရာတွင် အခက်အခဲမရှိစေရေးအတွက် ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ အရေးကြီးအဆောက်အအုံများရှိ တာဝန်ခံများနှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိရန် မှာကြားသည်။

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် မတ် ၂၀ရက် နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ ဒက္ခိဏသီရိမီးသတ်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြင်ဦးလွင်မြို့အဝင်လမ်း ကျောက်စီနံရံ ပြုလုပ်

ပြင်ဦးလွင် မတ် ၂၇

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့အဝင်လမ်းဘေးကျောက်စီနံရံ ပြုလုပ်ခြင်းကို အမှုဆောင်အရာရှိ ဦးတင်ဝင်းက အနီးကပ် ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

အထက(၁၈) နန်းမြို့ အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် မတ် ၂၇

မန္တလေးမြို့ နန်းမြို့ အထက(၁၈)၌ ၂၀၀၂ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (သတင်းစဉ်)

အရည်အသွေးမြင့်ရောင်စုံခဲတံများ ဖြန့်ဖြူးရောင်းချ

ရန်ကုန် မတ် ၂၇

ပန်းချီပညာရှင်များနှင့် ပန်းချီဝါသနာရှင်များအတွက် အရည်အသွေးမြင့် Stabilo အမှတ်တံဆိပ် ရောင်စုံခဲတံများကို Salient Trading Co., Ltd. မှ တင်သွင်းဖြန့်ဖြူးလျက်ရှိပြီး ခဲပန်းချီရေးဆွဲရန်အတွက် Othello Graphite ခဲတံ 4H, 3H, 2H, H, HB, F, B1, B2, B3, B4 ခဲအပျော့ အမာ ၁၀မျိုး ရရှိနိုင်သည်။

မည်သည့်မျက်နှာပြင်မျိုးပေါ်တွင်မဆို (မှန်၊ ပလတ်စတစ်၊ သတ္တု) ရေးဆွဲနိုင်သော အရည်အသွေး အမြင့်မားဆုံး Stabilo All ရောင်စုံခဲတံများ ရရှိနိုင်သည်။ အရောင်ရှစ်မျိုးရရှိနိုင်ပြီး ကုမ္ပဏီ၊ အရောင်းဆိုင်များ၏ Window မှန်များတွင် ရာသီလိုက်ပန်းချီများ ရေးဆွဲရန် သင့်လျော်သည်။

ပန်းချီရေးဆွဲသူများနှင့် သင်ယူနေသူများအတွက် Stabilo Trio Thick ခဲသား 4.2mm သုံးထောင့် ရောင်စုံခဲတံများကိုလည်း ၁၈ ရောင် တင်သွင်းခဲ့ပြီး အရောင်တစ်ခုချင်း ရောင်းချပေးသောကြောင့် မိမိစိတ်ကြိုက် တစ်ရောင်ချင်းစီ ရွေးချယ်ဝယ်ယူနိုင်သည်။

Fibrc-tip pen အနေဖြင့် Stabilo trio A-Z နှင့် Stabilo Power နှစ်မျိုး ရရှိနိုင်ကာ ကလေးများ၏ အဝတ်အစားတွင် စွန်းထင်းမိလျှင်လည်း ပြန်လည်လျှော်ဖွပ်နိုင်သည်။ Stabilo Power၏ အဓိက အရည်အသွေးမှာ အဖုံးဖွင့်၍ သီတင်းပါးပတ်ထိ ထားရှိနိုင်ခြင်းဖြစ်သည်။

ဆက်သွယ်ရန်လိပ်စာမှာ Salient Trading Co., Ltd. အမှတ် (၂၂) ၄၀ါလမ်း စောရန်ပိုင်(တောင်) ရပ်ကွက် အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း -၂၂၅၁၁၀၊ ၇၀၃၁၆၅နှင့် ဖက်စ် ၂၁၀၇၈၂ တို့သို့ မှာယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆားပြင်ကွင်း(၂)လမ်း ကတ္တရာခင်းခြင်းဆောင်ရွက်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူစိုးနှင့် အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းတို့ မတ် ၁၁ ရက်က ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးညီညီဆွေ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

☆ရှေ့ဖုံးမှ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ၂၀၁၁ ခုနှစ် (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညစ့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ အထူးဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တည်ခင်းညစ့်ခံ

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ၂၀၁၁ ခုနှစ် (၆၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းညစ့်ခံကြသည်။

တက်ရောက်

အဆိုပါ ၂၀၁၁ ခုနှစ် (၆၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ညစ့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၁၁ ခုနှစ် (၆၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ညစ့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် ညစာ မသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံသာများဖြင့် ဖျော်ဖြေကြသည်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၁၁ ခုနှစ် (၆၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ညစ့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (အပေါ်ပုံနှင့် ဝဲပုံ)

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၈-၃-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၂၀ ၅။ ဓမ္မပူဇာတေး
- ၇း၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၇။ မြန်မာ့ရှုခင်း
- ၇း၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၆။ စိုက်ပျိုးသုတ
- ၄း၃၀ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၃၅ ၈။ လျှပ်တစ်ပြက်
- ၄း၄၅ ၉။ ဗွီစီဒီကျော်ကြားတေး
- ၄း၅၅ ၁၀။ မီးသတိပေးနှိုးဆော်ချက်
- ၅း၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် (အပိုင်း-၂၇)**
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၅။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၆)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ Talk Of The Town
- ၂၂။ မေးမြန်းစူးစမ်း
- ၂၃။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရင်၌တည်သောသစ္စာ (အပိုင်း-၁၈)**
- ၂၆။ Mini Series
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

ဂျပန်နျူကလီးယားဓာတ်အားပေးစက်ရုံမှ အလုပ်သမားများ ရွှေ့ပြောင်းပေး

တိုကျို မတ် ၂၇

ဂျပန်နိုင်ငံ၏ ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ရေဒီယိုဓာတ်သတ္တိကြွမှုအဆင့်မှာ အလွန်များပြားလာသဖြင့် အလုပ်သမားများကို နေရာရွှေ့ပြောင်းပေးခဲ့ရကြောင်း တနင်္ဂနွေနေ့ ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံမှ ကျိုဒိုသတင်းဌာန၏အဆိုအရ တနင်္ဂနွေနေ့၌ ယင်းစက်ရုံ၏ အဏုမြူဓာတ်ပေါင်းဖို အမှတ်(၂)ကို စမ်းသပ်ရာတွင် ရေဒီယိုဓာတ်သတ္တိကြွမှုပမာဏသည် ပုံမှန်ရှိမြဲအဆင့်ထက် အဆပေါင်း ၁၀ သန်းအထိ မြင့်တက်နေသဖြင့် ယင်းဓာတ်ပေါင်းဖို အဆောက်အအုံမှ အလုပ်သမားများကို ရွှေ့ပြောင်းပေးခဲ့ရသည်။

၎င်းဓာတ်ပေါင်းဖို၏ တာဘိုင်တွင်ရှိနေသည့် ရေကို စမ်းသပ်သည့်အခါ ရေဒီယိုဓာတ်သတ္တိကြွမှုသည် ပုံမှန်ထက်အဆ ၁၀သန်းရှိနေကြောင်း နျူကလီးယားဓာတ်အားပေးစက်ရုံကို တာဝန်ယူစီမံခန့်ခွဲနေသည့် တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီ (တက်ကို)က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဓာတ်ပေါင်းဖို၏ရေထဲတွင် ပုံမှန်အားဖြင့် တွေ့ရလေ့မရှိသော ဆီဇီယံနှင့် အခြားဒြပ်များကို အမြောက်အမြား စမ်းသပ်တွေ့ရှိရကြောင်း၊ ထိုအခြေအနေကို ကြည့်ခြင်းအားဖြင့် နျူကလီးယားလောင်စာတောင့်များ ပျက်စီးနေဖွယ်ရာရှိကြောင်း တက်ကိုကပြောသည်။

ထိုစက်ရုံ၏ ဝန်းကျင်၌ရှိသောရေတို့တွင် ရေဒီယိုသတ္တိကြွသော အိုင်အိုဒင်းပါဝင်မှုသည် ပုံမှန်အဆင့် ၁၂၅၀ ဆမှ ၁၈၅၀ ဆအထိမြင့်တက်လာကြောင်း ဂျပန်နျူကလီးယားအန္တရာယ်ကင်းရေးအေဂျင်စီက စနေနေ့တွင် ပြောကြားပြီးနောက် အဆိုပါသတင်း ထွက်ပေါ်လာခြင်းဖြစ်သည်။ **အင်တာနက်။**

မိုဂါဒစ်ရှူးတွင် အယ်လ်ရှာဘတ်စစ်သွေးကြွများနှင့် တိုက်ခိုက်နေသော ဆိုမာလီအစိုးရတပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



ဝေဟင်မှတွေ့ရသော ဖူကူရှီးမား ဒိုင်အိချိနျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံ။ (ဓာတ်ပုံ-အင်တာနက်)

မိုဂါဒစ်ရှူး၌ တိုက်ပွဲပြင်းထန်၊ အရပ်သား ၁၂ ဦးသေဆုံး

မိုဂါဒစ်ရှူး မတ် ၂၇

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့၌ မတ် ၂၆ ရက်က အာဖရိကသမဂ္ဂတပ်ဖွဲ့ နောက်ခံပြုသော ဆိုမာလီအစိုးရတပ်ဖွဲ့နှင့် အယ်လ်ရှာဘတ် တိုက်ခိုက်ရေးသမားများအကြား တိုက်ပွဲဖြစ်ရာ အရပ်သား ၁၂ ဦးထက်မနည်း သေဆုံးခဲ့သည်။

မိုဂါဒစ်ရှူးမြို့ မြောက်ပိုင်းရှိ ဘွန်ဟီရီခရိုင်နှင့် ဒေနီလီခရိုင်၊ တောင်ပိုင်းရှိ ဟိုဒန်ခရိုင်တို့တွင် စနေနေ့က တိုက်ပွဲများဖြစ်ရာ အမျိုးသမီးနှင့် ကလေးအများစုပါဝင်သော အရပ်သားများ သေဆုံးခဲ့ကြောင်း မိုဂါဒစ်ရှူးမြို့ရှိ ပရက်စ်တီဗွီ သတင်းထောက်က ပြောကြားသည်။

ဆိုမာလီတပ်ဖွဲ့နှင့် အယ်လ်ရှာဘတ် တိုက်ခိုက်ရေးသမားတို့သည် လက်နက်ကြီးများ၊ စိန်ပြောင်းဒုံးကျည်များဖြင့် အပြန်အလှန် ပစ်ခတ်ခြင်းတို့ကြောင့် လူ ၆၇ ဦးကျော် ဒဏ်ရာရရှိခဲ့သည်။

ယင်းသို့ဖြစ်ပွားစဉ်အတွင်း အစိုးရတပ်ဖွဲ့ဝင် ၂၀ ထက်မနည်း သေဆုံးကြောင်း အယ်လ်ရှာဘတ်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

သို့သော် အယ်လ်ရှာဘတ်အဖွဲ့က အရွယ်မရောက်သေးသည့်ကလေးများ တပ်သားသစ်စုဆောင်းခဲ့ပြီး ၎င်းတို့အတွက် ရှေ့တန်းစစ်မျက်နှာတွင် တိုက်ခိုက်ရန်အတင်းအကျပ် ခိုင်းစေခဲ့ကြောင်း၊ အဆိုပါ အသက်မပြည့်သူတပ်ဖွဲ့ဝင် ကိုးဦးကိုလည်း အစိုးရတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိကြောင်း ဆိုမာလီရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ **အေပီ။**

ကမ္ဘောဒီးယားနိုင်ငံမြောက်ပိုင်းတွင် ယာဉ်မတော်တဆမှုဖြစ်ပွား ခုနစ်ဦးသေဆုံး၊ ၁၁ ဦးဒဏ်ရာရ

ဖနွမ်းပင် မတ် ၂၇

ကမ္ဘောဒီးယားနိုင်ငံ ကမ်ပုန်သွန်ပြည်နယ် ဘာရေးခရိုင်တွင် စနေနေ့ညပိုင်းက ယာဉ်တိုက်မှုတစ်ရပ်ဖြစ်ပွားရာ ခုနစ်ဦး ပွဲချင်းပြီးသေဆုံး၍ ၁၁ ဦးဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ အကြီးအကဲက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်ပွားရာနေရာသည် ကမ္ဘောဒီးယားနိုင်ငံ မြို့တော်ဖနွမ်းပင် မြောက်ဘက် ၁၆၈ ကီလိုမီတာဝေးသော နေရာတွင်ဖြစ်ကြောင်း၊ ည ၁၁ နာရီခန့်က ဖြစ်ပွားကြောင်း၊ ကုန်တင်ကားတစ်စီးနှင့် အသုဘတစ်ခုမှ ပြန်လာသူများ စီးနင်းလိုက်ပါလာသော မော်တော်ဆိုင်ကယ် ပြင်းထန်စွာတိုက်မိခြင်းဖြစ်ကြောင်း ကမ်ပုန်သွန်ပြည်နယ် ရဲတပ်ဖွဲ့အကြီးအကဲ ပန်ဆိုပင်န်က ပြောကြားသည်။

သေကျေဒဏ်ရာရရှိသူအားလုံးမှာ မော်တော်ဆိုင်ကယ်ပေါ်မှ ဖြစ်ကြသည်။ ခုနစ်ဦးပွဲချင်းပြီးသေဆုံး၍ ရှစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိပြီး သုံးဦးမှာ ဒဏ်ရာအနည်းငယ်သာရရှိသည်ဟု ဆိုသည်။

ယင်း မတော်တဆဖြစ်ပွားသော လမ်းသည် အကွေ့အကောက်နှင့် ကုန်းတက်ဖြစ်ပြီး ညအချိန်တွင် အမြန်မောင်းနှင်၍ဖြစ်သည်ဟုသိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဆွစ်ဇာလန်၌ ဆီးနှင်းများပြိုကျ နှင်းလျှောစီးသူလေးဦး သေဆုံး

ဘန်း မတ် ၂၇

ဆွစ်ဇာလန်နိုင်ငံ အနောက်တောင်ပိုင်း အဲလ်ပ်တောင်တန်းရှိ ဘော့စိန့်ပယ်ရီကျေးရွာအနီး တောင်ပေါ်မှ ဆီးနှင်းထုများ ပြိုကျရာ ပြင်သစ်နှင်းလျှောစီးသူ လေးဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ဆီးနှင်းပြိုကျမှုသည် စနေနေ့က ကရိုလ်ဒီတက်ဆောဆီ တောင်ထွတ်အနီးဖြစ်ပွားခဲ့သည်။ ၁၁ ဦးပါ နှင်းလျှောစီးအဖွဲ့သည် ကမ်မိုနစ်နှင့် ဇာမတ်ကြားရှိ ထင်ရှားသော ကုန်းမြင့်လမ်းကြောင်းအတိုင်းသွားနေစဉ် ယင်းသို့ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားသည့်နေရာ၌ သုံးဦးသေဆုံးပြီး တစ်ဦးမှာ ဒဏ်ရာဖြင့်ထပ်မံသေဆုံးခဲ့သည်။ ဒဏ်ရာရရှိသူခြောက်ဦးကို ဒေသဆိုင်ရာဆေးရုံသို့ တင်ပို့ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အခြားနှင်းလျှောစီးသူများကို အနံ့ခံခွေးများနှင့်အတူ ကယ်ဆယ်ရေးအဖွဲ့က တောင်ထူထပ်သောဒေသသို့ ရဟတ်ယာဉ်များဖြင့်သွားကာ ကယ်တင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **အေပီ။**

ကယ်ဆယ်ရေးသမားများက နှင်းလျှောစီးသူများကို ရှာဖွေနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်ရဲတပ်ဖွဲ့ဝင်မည့်သူများ တာလီဘန် ဖမ်းဆီး

ကဘူး မတ် ၂၇

အာဖဂန်နစ္စတန်နိုင်ငံရဲတပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းရန် ကြိုးပမ်းခဲ့ကြသည့် အမျိုးသားဒါဇင်ပေါင်းများစွာကို နိုင်ငံအရှေ့မြောက်ပိုင်းတွင် တာလီဘန်တို့က ပြန်ပေးဆွဲထားကြောင်း တာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အဆိုပါအမျိုးသားအုပ်စုကို ကူနာပြည်နယ်တွင် စနေနေ့က ဖမ်းဆီးခဲ့ကြောင်း တာလီဘန်တို့က ကြေညာချက်ထုတ်ပြန်သည်။ ၎င်းတို့ကို လွှတ်ပေးရန်အတွက် ကျေးရွာအကြီးအကဲများက တာလီဘန်တို့နှင့် ဆွေးနွေးခဲ့သည်။

နိုင်ငံတော်လုံခြုံရေးကို အာဖဂန်အစိုးရတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့တို့က လွှဲပြောင်းတာဝန်ယူမည်ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့များအတွက် တပ်ဖွဲ့ဝင်သစ်များ တိုး၍စုဆောင်းလျက်ရှိသည်။ သို့သော် ထိုတပ်ဖွဲ့ဝင်အသစ်များအဖြစ် အမှုထမ်းရန် ကြိုးစားသူ မည်သူ့ကိုမဆို ပစ်မှတ်ထားမည်ဖြစ်ကြောင်း တာလီဘန်တို့ကလည်း သတိပေးလျက်ရှိသည်။

အမျိုးသား ၄၀ ခန့်သည် လုံခြုံရေးတပ်ဖွဲ့သို့ ဝင်ရောက်ရန်အတွက် ခရိုင်မြို့တော်သို့ သွားခဲ့ကြကြောင်း၊ သို့သော် ဝင်ခွင့်မရသည့်အတွက် ၎င်းတို့၏ ရွာများသို့ပြန်လာခဲ့ကြကြောင်း နူရစ္စတန်ရဲတပ်ဖွဲ့အကြီးအကဲက ပြောသည်။ တာလီဘန်တို့ ထိန်းချုပ်ထားသော ကန်ဒုဇ်ပြည်နယ်ကို ဖြတ်သန်းစဉ် တာလီဘန်တို့၏ ဖမ်းဆီးခြင်းခံရသည်ဟု ဆိုသည်။

စောစောပိုင်းတွင်တာလီဘန်တို့က အာဖဂန်ရဲတပ်ဖွဲ့ဝင် ၅၀ ကို ဖမ်းဆီးထားကြောင်း ကြေညာခဲ့သည်။

နူရစ္စတန်နှင့် အခြားဒေသများတွင် ရဲတပ်ဖွဲ့ဝင်များကို ဖမ်းဆီးထားကြောင်း၊ အာဖဂန်အစိုးရတွင် လည်းကောင်း၊ ရဲတပ်ဖွဲ့တွင်လည်းကောင်း အလုပ်မလုပ်ပါဟု ကတိပေးကြလျှင် ၎င်းဖမ်းဆီးထားသူများကို ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း တာလီဘန်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ဖမ်းထားသော အာဖဂန်ရဲတပ်ဖွဲ့သို့ဝင်မည့်အမျိုးသားများ၏ကံကြမ္မာကိုမူ အာဖဂန်အရှေ့ပိုင်း တာလီဘန်တပ်မှူးများကောင်စီက ဆုံးဖြတ်မည်ဟုဆိုသည်။ **အင်တာနက်။**

အာဖဂန်နစ္စတန်တွင် စစ်သွေးကြွ ၁၀ ဦးကျော် သေဆုံး

ကဘူး မတ် ၂၇

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ပက်တီကာပြည်နယ်တွင် နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)က တနင်္ဂနွေနေ့တွင် လေကြောင်းမှ တိုက်ခိုက်ရာ စစ်သွေးကြွ ၁၀ ဦးကျော် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာ မဟာမိတ်များက ပြောကြားသည်။

လွန်ခဲ့သောနှစ်များမှစ၍ ပက်တီကာပြည်နယ်နှင့်အိမ်နီးချင်း ခို့စ်ပြည်နယ်တွင် တာလီဘန်ဦးဆောင်သော စစ်သွေးကြွများ ပိုမိုများပြားလာရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာလီဘန်များ၏တိုက်ပွဲများမှာ ပြင်းထန်လာသည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဂါဇာဒေသကို အစ္စရေးတို့လေကြောင်းမှတိုက် ပါလက်စတိုင်းတစ်ဦး သေဆုံး

ဂါဇာ မတ် ၂၇

ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်း၌ တနင်္ဂနွေနေ့နံနက်ပိုင်းတွင် အစ္စရေးတို့၏ လေကြောင်းမှတိုက်ခိုက်ခြင်းကြောင့် ပါလက်စတိုင်းတစ်ဦး သေဆုံး၍ သုံးဦးဒဏ်ရာရရှိကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ဆေးဘက်ဆိုင်ရာမှလာသော သတင်းများတွင် ဖော်ပြသည်။

အစ္စရေးတို့၏ မောင်းသူမဲ့လေယာဉ်က ကားတစ်စီးကို ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်ရာ ထိုကားထဲတွင် စီးနင်းလိုက်ပါလာသော လှုပ်ရှားပြောင်းလဲရေးဝါဒီသမားများအနက် ပါလက်စတိုင်းတစ်ဦးသေဆုံး၍ လူငယ်တစ်ဦး ပြင်းထန်စွာဒဏ်ရာရရှိကာ နှစ်ဦးဒဏ်ရာအနည်းငယ်စီရရှိသွားကြောင်း သတင်းတွင်ဖော်ပြသည်။

လွန်ခဲ့သောရက်သတ္တပတ်တွင် ဟားမားစ်များက အစ္စရေးတို့အား မော်တာနှင့် ဒုံးကျည်များဖြင့် တရစပ် ပစ်ခတ်ခဲ့သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကြီးမြို့ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး တက်ရောက်အားပေး

နေပြည်တော် မတ် ၂၇

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် လွယ်ခမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် နံနက်ပိုင်းတွင် အဆိုပါကတ္တရာလမ်းသစ်မုခ်ဦး၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး တက်ရောက်၍ ကတ္တရာလမ်းသစ်မုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူးသည် တောင်ကြီးမြို့ အားကစားခန်းမ၌ ကျင်းပသည့် အမျိုးသား အမျိုးသမီး (၁၅)ကီလိုမီတာ အပြေးပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အမျိုးသား ပထမ၊ ဒုတိယနှင့် တတိယဆုရ အားကစားသမားများအား ဂုဏ်ပြုဆုတံဆိပ်နှင့်ချီးမြှင့်ငွေများ ပေးအပ်သည်။

တိုင်းမှူးသည် မတ် ၂၇ ရက်တွင် တောင်ကြီးတပ်နယ် နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များသို့ ရောက်ရှိပြီး နယ်မြေခံတပ်ရင်းများ၏ စိုက်ခင်းများအတွင်း ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုနှင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စာကြည့်တိုက်သစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်များလှူဒါန်း

နေပြည်တော် မတ် ၂၇

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သရက်ခရိုင် သရက်မြို့နယ် ကိုးပင်ကျေးရွာ ပညာ့အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၄ ရက်တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းလွင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မြင့်မြင့်ဆွေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးတိုးဝင်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးကာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညိုထွေးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် အလှူရှင်များက ငွေကျပ် ၁၀၀၀၀၊ ရေဒီယိုတစ်လုံးနှင့် စာအုပ်စာစောင် စုစုပေါင်းအုပ် ၅၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌက လက်ခံသည်။

အဆိုပါ စာကြည့်တိုက်မှာ အလျားပေ ၃၀၊ အနံပေ ၂၀၊ အမြင့် ၁၃ ပေရှိပြီး အုတ်ကာ၊ သွပ်မိုး၊ သမံတလင်းခင်းဖြစ်ကာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်း၊ ကျေးရွာပြည်သူနှင့် စေတနာရှင်များ စုပေါင်းလှူဒါန်းငွေကျပ် ၂၂ သိန်းစုစုပေါင်း ငွေကျပ် ၃၂ သိန်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စံငါးချက်နှင့်အညီ ကျေးရွာစာကြည့်တိုက်များဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မတ် ၁၅ ရက် မွန်းလွဲပိုင်းတွင် ပြည်မြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး၌ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ခံဒုတိယရဲမှူး မြတ်ဦးက စာအုပ်စာစောင်မျိုးစုံ ၃၅၅အုပ်တို့ကို ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် စာပေနှင့်စာနယ်ဇင်း)

လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ဧရာဝတီတိုင်းဒေသကြီး၌ ကွင်းဆင်းစစ်ဆေး

ပုသိမ် မတ် ၂၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို မြေစာရင်းဝန်ထမ်းများက ကွင်းဆင်းကောက်ယူလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအောင်တင်မြင့်သည် မတ် ၉ ရက် နံနက်က ပုသိမ်ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးသိန်းကျော်နှင့် ပုသိမ်မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးလှဝေတို့ လိုက်ပါလျက် ပုသိမ်မြို့နယ် ကိုးဆူကျေးရွာအုပ်စု သဲဂရက်ကျေးရွာနေ တောင်သူ ဦးသန်းထွန်း၏ စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်းခွင်အတွင်း အိမ်ထောင်စုမေးခွန်းလွှာ၊ သီးနှံစိုက်ပျိုးမှု မေးခွန်းလွှာနှင့် ကျွဲ၊ နွား တိရစ္ဆာန်နှင့် ကြက်၊ ငှက်မွေးမြူမှုအတွက် မေးခွန်းလွှာတို့အား မေးမြန်း စာရင်းကောက်ယူနေမှုတို့ကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(အပေါ်ယာပုံ)** (ကြေးမုံ)

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးသူများ TECH ၏ အင်ဂျင်နီယာသင်တန်းများ၌ တက်ရောက်သင်ယူနိုင်

ရန်ကုန် မတ် ၂၇

၂၀၁၁ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုပြီးသူ လူငယ်များသည် City and Guilds (UK) ၏ အင်ဂျင်နီယာ Diploma အောင်လက်မှတ်များကို အချိန်တိုကာလအတွင်း တက်ရောက်ရယူကာ နိုင်ငံတကာတွင် ပညာဆက်လက်သင်ယူရေး၊ အလုပ်အကိုင်များ လွယ်ကူလျင်မြန်စွာ ရရှိနိုင်ရေးအတွက် ၁၉၉၈ ခုနှစ်မှစတင်၍ (၁၄)နှစ်တိုင်တိုင် စဉ်ဆက်မပြတ် ဖွင့်လှစ်ခဲ့သော TECH Training Centre ၌ အင်ဂျင်နီယာပညာရပ်များကို လေ့လာဆည်းပူးနိုင်ပြီး ပထမဆုံးစာရင်းသွင်းသူ ကျောင်းသား၊ ကျောင်းသူ ၁၅ ဦးအား သင်တန်းကြေး (၂၅)ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်ကြောင်း သိရသည်။

အင်ဂျင်နီယာ ဘာသာရပ်များ၏ အခြေခံသင်ခန်းစာများနှင့် သက်ဆိုင်ရာ အင်ဂျင်နီယာဘာသာရပ်များကို TECH မှ ကျွမ်းကျင်အင်ဂျင်နီယာဆရာ၊ ဆရာမများက စာတွေ့လက်တွေ့ စနစ်တကျပို့ချပေးခဲ့သဖြင့် ကမ္ဘာ့အမှတ်အများဆုံးရွှေတံဆိပ်ဆုရှင်ခြောက်ဦးအထိ အောင်မြင်စွာ မွေးထုတ်နိုင်ခဲ့ပြီး လေ့ကျင့်ပေးခဲ့သော အင်ဂျင်နီယာ Diploma သင်တန်းသားများမှာ ၅၀၀၀ ကျော်ပြီဖြစ်ကြောင်း သိရှိရသည်။

TECH မှ ပို့ချသော သင်တန်းများမှာ တစ်နှစ်ကြာ Civil (Construction), Electrical Power, Electronic, Mechanical, Mechatronic နှင့် Mechanical and Electrical (M&E) တို့ဖြစ်သည်။

TECH နှင့် စပ်လျဉ်း၍ အမှတ်(၁၁) အောင်မြေသာစည်လမ်း ဆင်ရေတွင်းမှတ်တိုင်အနီး ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၂၃၅၇၉ နှင့် ၀၉-၇၃၀၄၃၆၈၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

၂၀၁၀-၂၀၁၁ ပညာသင်နှစ် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကို နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် အထက(၁) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ကြည် သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။ (၀၉၂)

စာရေးဝန်ထမ်း အခြေခံသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၂၇

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ်(၁၃၄) သင်တန်းဆင်း အခမ်းအနားကို မတ် ၂၅ ရက် နံနက် ၇ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) စစ်ရေးပြကွင်း၌ ကျင်းပရာ ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းသား၊ သင်တန်းသူစံပြဆု ရရှိကြသူများအား ဆုများချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက်တိုးချဲ့ရေပေးရေး လုပ်ငန်းဖွင့်ပွဲကို မတ် ၂၀ ရက်က ကျင်းပရာ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

အမျိုးသားသွေးဌာနသို့ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် မတ် ၂၇

မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာ့ဓာတ်စလင်လူငယ်များ (ဘာသာရေး) အဖွဲ့ချုပ်ကြီးမှူး၍ ဆဋ္ဌမအကြိမ်မြောက် သွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားသွေးဌာန၌ ကျင်းပရာ သွေးလှူရှင် ၂၅၄ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးမလောင်ခင်သတိယှဉ် ကြိုတင်ကာကွယ်ပါ

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

Pictorial Guide to Bagan (ပုဂံလမ်းညွှန်ရုပ်စုံစာအုပ်)နှင့် မန္တလေးဒေသ ရှေးဟောင်းအဆောက်အအုံများမှတ်တမ်း အမှတ်(၁)တို့ကို ဖြန့်ချိ

နေပြည်တော် မတ် ၂၇

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေ၊ ဖော်ထုတ်၊ ထိန်းသိမ်းစောင့်ရှောက်၍ စာအုပ်၊ စာတမ်း၊ စာစောင်များကို စဉ်ဆက်မပြတ် ထုတ်ဝေဖြန့်ချိလျက်ရှိရာ ယခု Pictorial Guide to Bagan (ပုဂံလမ်းညွှန်ရုပ်စုံစာအုပ်)နှင့် မန္တလေးဒေသ ရှေးဟောင်းအဆောက်အအုံများမှတ်တမ်း အမှတ်(၁)တို့ကို ထပ်မံပုံနှိပ်ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ခေတ်နှင့်အညီ

Pictorial Guide to Bagan (ပုဂံလမ်းညွှန်ရုပ်စုံစာအုပ်)သည် ၁၉၅၅ ခုနှစ်မှ စတင်ပုံနှိပ်ထုတ်ဝေခဲ့ပြီး စာအုပ်အရေအတွက်များစွာကို အကြိမ်ကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်သည်။ ယခုစာအုပ်သည် ပုဂံစေတီပုထိုးများ၏ လက်ရှိအခြေအနေအတိုင်း ပြုပြင်ပြီး မှတ်တမ်းဓာတ်ပုံများထည့်သွင်းဖော်ပြ၍ အသုံးအနှုန်းများနှင့် ဓာတ်ပုံများကို ခေတ်နှင့်အညီ ပြင်ဆင်ရိုက်နှိပ်ထားခြင်းဖြစ်သည်။

မန္တလေးဒေသ ရှေးဟောင်းအဆောက်အအုံမှတ်တမ်း အမှတ်(၁)စာအုပ်သည် မန္တလေးဒေသရှိ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် စေတီ၊ ပုထိုး၊ သိမ်၊ သစ်သားဘုန်းကြီးကျောင်းများ၊ မန္တလေးနန်းတော် မြို့ရိုးတို့၏တည်နေရာ၊ ကုသိုလ်ရှင်၊ ခေတ်ကာလ၊ သမိုင်းအကျဉ်းနှင့် လက်ရှိထိန်းသိမ်းထားသည့် အခြေအနေများကို ရောင်စုံဓာတ်ပုံများ၊ ပန္နက်ပုံများဖြင့် ပြုစုရေးသားထားသည်။

၎င်းစာအုပ်များကို ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ဖြန့်ချိ၍ ရန်ကုန်၊ မန္တလေး၊ ပုဂံအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ပြတိုက်နှင့်စာကြည့်တိုက်များ၌လည်းကောင်း၊ နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ရုံးအမှတ်(၃၅) ဖုန်း-၀၆၇-၄၀၈၀၄၀သို့ ဆက်သွယ်မှာယူနိုင်သည်။ရောင်းဈေးမှာ Pictorial Guide to Bagan (ပုဂံလမ်းညွှန် ရုပ်စုံစာအုပ်)ကို ငွေကျပ် ၃၀၀၀ ဖြင့်လည်းကောင်း၊ မန္တလေးဒေသ ရှေးဟောင်းအဆောက်အအုံ မှတ်တမ်း အမှတ်(၁) စာအုပ်ကို တစ်အုပ်လျှင် ငွေကျပ် ၄၀၀၀ ဖြင့်လည်းကောင်း ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး နေပြည်တော် တိုင်းစစ်ဌာနချုပ် (၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး (၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်

နေပြည်တော် မတ် ၂၇

နေပြည်တော်တိုင်းစစ်ဌာနချုပ် (၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စစ်ရေးပြကွင်းအတွင်းသို့ ရောက်ရှိနေရာယူ၍ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုခြင်းများ ပြုလုပ်ကြပြီး တိုင်းမှူးက (၆၆)နှစ်မြောက် တပ်မတော်နေ့ အမှာစကားပြောကြားသည်။

ထို့နောက် (၆၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ၌ ဆုရရှိကြသည့် အရာရှိ၊ စစ်သည်များအား တိုင်းမှူးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုငွေများကို ချီးမြှင့်သည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား နံနက်စာဖြင့် ဧည့်ခံ၍ မှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံ(ပြည်) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် မတ် ၂၇

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းအင်ဂျင်နီယာဌာနအခြေစိုက် အလုပ်ရုံ(ပြည်)၏ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြပွဲ အခမ်းအနားကို မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ အဆိုပါအလုပ်ရုံ၌ ကျင်းပသည်။

ပညာပေးဆွေးနွေး

အခမ်းအနားတွင် မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးအောင်ဆန်းက သဘာဝမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး မီးဘေးအန္တရာယ်မကျရောက်စေရေး ကြိုတင်ကာကွယ်ရန်အတွက် အခြေစိုက်အလုပ်ရုံ(ပြည်)ဝင်း အတွင်းရှိ ပစ္စည်းဂိုဒေါင်များနှင့် ဝန်ထမ်းအိမ်ရာများ၌ တပ်ဆင်ထားသည့် မီးသတ်ဆေးဘူးများကို စစ်ဆေး၍ မီးဖိုများတွင် လျှပ်စစ်သုံးစွဲမှု စနစ်တကျရှိစေရေး၊ မီးချိတ်၊ မီးကပ်၊ မီးသတ်ရေပုံး၊ သဲကျင်း၊ မီးရိုက်တုတ်၊ မီးသတ်လှေကား၊ မီးသတ်ရေတိုင်ကီ၊ မီးသတ်ရေကန်တို့ကို စနစ်တကျရှိစေရေးနှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းလုပ်ငန်းတို့ကို ပညာပေးဆွေးနွေးကာ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် အခြေစိုက်အလုပ်ရုံ (ပြည်)မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးများနှင့် မီးသတ်စက်ယာဉ်များဖြင့် မီးငြိမ်းသတ်မှုလက်တွေ့ သရုပ်ပြသကြရာ**(အပေါ်ပုံ)** အထွေထွေမန်နေဂျာ(အင်ဂျင်နီယာ) ဦးအောင်ဆန်း၊ လက်ထောက် အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးနေဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း (၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၂၇

အနောက်တောင်တိုင်းစစ်ဌာနချုပ် (၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၇ နာရီတွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ရေးပြကွင်းအတွင်းသို့ စစ်ရေးပြတပ်ခွဲများ ရောက်ရှိနေရာယူကြကာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းအား စစ်ရေးပြမှူးနှင့် စစ်ရေးပြတပ်ခွဲများက အလေးပြုခြင်း၊ နိုင်ငံတော် အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက် ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ကြပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက်(၆၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တိုင်းအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် အဆင့်အလိုက် ပထမဆုရ အရာရှိ၊ အရာခံ၊ စစ်သည်များအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ပြိုင်ပွဲများနှင့် စွမ်းရည်သုံးရပ် ဆုပေးပွဲအခမ်းအနားကို တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူတို့က ဆုရရှိကြသူများအား ဆုများပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးက စွမ်းရည်သုံးရပ် ထူးချွန်ဆုရရှိသည့် တပ်ရင်းများနှင့် တိုင်းအဆင့်စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိသူ အရာရှိ၊ စစ်သည်များအား ဆုများပေးအပ်ပြီး အခမ်းအနား တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၇

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် မြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့် (ငြိမ်း)**(အပေါ်ပုံ)**နှင့် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးအောင်တင်ဦး(ငြိမ်း) တို့က အမှာစကားပြောကြားကြပြီး အသက်(၇၅)နှစ်နှင့်အထက် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မသန်စွမ်း အဖွဲ့ဝင်များနှင့် လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုထောက်ပံ့ငွေနှင့် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အဖွဲ့ဝင်များကိုယ်စား ဗိုလ်ကြီးဒေါ်ကြည်ကြည် (ငြိမ်း)က ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

လက်တူးတွင်း အဆင့်မြှင့်တင်

ကျိုက်ထို မတ် ၂၇

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော တညင်ချောင်းကျေးရွာ လက်တူးတွင်း အဆင့်မြှင့်ခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးစောရွှေနှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ အငယ် တန်းအင်ဂျင်နီယာ(၂) ဦးမြင့်နိုင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)နေ ဗိုလ်မှူးချုပ် လွန်းမောင် (၁၀)နှစ်ပြည့် အားရည်စူး၍ ဇနီး ဒေါ်ရွှေသက် မိသားစုတို့က ထာဝရဆေးပဒေသာပင် အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင်နှင့်အဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးသော ကလိုင်-ကသဲကုန်းကျေးရွာချင်းဆက် မြေသားလမ်းပေါ်တွင် ၂၅ ပေ×၁၂ ပေ× ၁၀ ပေရှိ သစ်သားတံတားအား ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်လင်းဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သိပ္ပံနှင့် နည်းပညာရပ်များ၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာကျွမ်းကျင်ထက်မြက်သည့် ပညာရှင်များ ထုထည်ပမာဏ ကြီးမားစွာ ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း ဖြစ်ထွန်းလာစေရန် ကြိုတင်မျှော်မှန်း ကြိုးပမ်းစွမ်းဆောင်ရန် လိုအပ်

နေပြည်တော် မတ် ၂၇

တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ဇီးပင်ကြီးရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးညီထွန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးကျော်အောင်၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်အေး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်းနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးညီထွန်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံတွင် နိုင်ငံတကာနှင့်ယှဉ်တွဲပြီး ဖွံ့ဖြိုးတိုးတက်စေရန် ဆရာ၊ ဆရာမများ အပါအဝင် ပြည်သူများ၏ စွမ်းအားဖြင့် အောင်အောင်မြင်မြင် တည်ဆောက်ပေးလျက်ရှိကြောင်း။

ယခုကဲ့သို့ တည်ဆောက်ပေးသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၏ အကျိုးကျေးဇူးများကြောင့် မိမိတို့ပြည်သူများ၊ အမျိုးသားရေးစွမ်းအားစုများ၏ အရည်အသွေးနှင့် စွမ်းပကားမှာ ပိုမိုထက်မြက် အားကောင်းလာသည်နှင့်အမျှ မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများ၏ အားထုတ်စွမ်းဆောင်နိုင်မှု စွမ်းအားကောင်းများမှာလည်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများကို ပိုမိုမြင့်မားခိုင်မာလာစေပြီး အပြန်အလှန် အကျိုးပြုတိုးတက်ဖြစ်ထွန်းနေသည့် အခြေခံကောင်းများ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အမျိုးသားစီးပွားရေးဘဝ မြင့်မားတိုးတက်လာစေရေးအတွက် တစ်ဖက်တွင်လည်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံအဆောက်အအုံများကိုလည်း မိမိတို့နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းပကားဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးတွင် တည်ဆောက်ပေးခဲ့ကြောင်း။

အနာဂတ်နိုင်ငံတော်အား ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်သွားကြမည့် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာရေး မျှော်မှန်းပြီး စီမံဆောင်ရွက်ရာတွင် ဒေသအလိုက် အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် မွေးထုတ်ပေးနိုင်ရန်အတွက် ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုစီတွင် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တစ်ခုစီ တည်ထောင်ဖွင့်လှစ်ပေးနိုင်ခဲ့၍ တစ်ချိန်က ရပ်ဝေးတွင် ပညာရင်နို့သောက်စို့နိုင်ရေး ခက်ခဲပင်ပန်းစွာ အားထုတ်ရခြင်းမျိုး မရှိတော့ဘဲ အဆင့်မြင့်ပညာရပ်များကို လက်လှမ်းတမီ သင်ယူနေနိုင်ကြပြီ ဖြစ်ကြောင်း။

ပညာရေးကဏ္ဍအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍစုံတွင် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ နိုင်ငံတကာနှင့်တစ်ပြေးညီ တိုးတက်ထွန်းကားစေရန်၊ အသိပညာနှင့် အတတ်ပညာရှင်များ တိုးတက်ပွားများ ဖြစ်ထွန်းစေရန် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် မျက်မှောက်ကာလအတွက်သာမက အနာဂတ်ကို မျှော်မှန်းသည့် သိပ္ပံနှင့်နည်းပညာရပ်များ၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာကျွမ်းကျင်ထက်မြက်သည့် ပညာရှင်များ ထုထည်ပမာဏ ကြီးမားစွာ ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း ဖြစ်ထွန်းလာစေရန် ကြိုတင်မျှော်မှန်း ကြိုးပမ်းစွမ်းဆောင်ရန် လိုအပ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ အမျိုးသားပညာရည်မြင့်မားရေး အပါအဝင် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ တာဝန်ကျရာဒေသအလိုက် မျိုးဆက်သစ်လူငယ်များ၏ ပညာရေးဆိုင်ရာ အရည်အသွေးများ တစ်ပြေးညီ မြင့်မားတိုးတက်လာရေးအတွက် အဆင့်မြင့်ပညာရပ်များ သင်ကြားပို့ချပေးနေခြင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ဖော်ဆောင်နေခြင်းဖြစ်၍ ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များအဖြစ် တက်တက်ကြွကြွ ကျေကျေပွန်ပွန် ကြိုးစားဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့-အဖွဲ့ဝင် ဦးညီထွန်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တစ်ချိန်တည်းမှာပင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခွင့်ရရှိနေသည့် ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတကာ ပညာရှင်များ စိတ်ပါဝင်စားပြီး သိရှိလေ့လာလိုသော သယံဇာတအမျိုးမျိုး ထွက်ရှိရာ ပြည်ထောင်စုကြီး၏ နယ်မြေဒေသများတွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်သည်သာမက ဒေသအသီးသီးရှိ တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများကိုပါ ကိုယ်တိုင်ကိုယ်ကျလေ့လာခွင့်ရရှိနေခြင်းအား ထူးခြားသည့် အခွင့်ကောင်းတစ်ရပ်အဖြစ် ခံယူပြီး မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုသည့် အမျိုးသားရေးစိတ်ဓာတ်ကို မျိုးဆက်သစ်များ ရင်ဝယ်ကိန်းအောင်းနေရန် လေ့ကျင့်သင်ကြားပေးရမည် ဖြစ်ကြောင်း။

အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် သင်ကြားရေးလုပ်ငန်းများနှင့်အတူ သုတေသနလုပ်ငန်းများကိုလည်း နိုင်ငံတကာစံနှုန်းများနှင့်အညီ စဉ်ဆက်မပြတ် ဆောင်ရွက်နေမှသာ နိုင်ငံတော်၏ ကြွယ်ဝလှသော သယံဇာတအရင်းအမြစ်များကို အမျိုးသားအကျိုးစီးပွားအတွက် ကိုယ်ပိုင်နည်းပညာများဖြင့် ဖော်ထုတ်အသုံးချနိုင်မှာ ဖြစ်သကဲ့သို့ နိုင်ငံတကာ နည်းပညာသစ်များ တိုးတက်နေမှုနှင့် အစဉ်အမြဲ လိုက်ပါနိုင်ပြီး ၂၁ ရာစု စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်စွမ်းရှိမှာ ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် ပြည်ထောင်စုနယ်မြေအသီးသီးရှိ မိမိတို့ တာဝန်ထမ်းဆောင်ရာဒေသများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ခေတ်မီနည်းပညာများဖြင့် ထိရောက်စွာ အထောက်အကူပြုနိုင်ရေးအတွက် စက်မှုနှင့် နည်းပညာ သုတေသနလုပ်ငန်းများအပါအဝင် အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းစေမည့် သုတေသနလုပ်ငန်းများ တိုးတက်ဖော်ဆောင်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးညီထွန်းက သင်တန်းသား စံပြဆုရ ကျောင်းသား အမှတ်-စီ-၄၆ ဦးလင်းအောင်ဟန်(သရုပ်ပြ) မန္တလေး ဆေးတက္ကသိုလ် ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာနအား လည်းကောင်း၊ သင်တန်းသူစံပြဆုရ ကျောင်းသားအမှတ်-ဘီ-၁၇၁ ဒေါ်အိအိခိုင် (နည်းပြ) ကွန်ပျူတာတက္ကသိုလ်(မကွေး) အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအား လည်းကောင်း၊ သင်တန်းသူ ဖွဲ့လုံ့လဆုရ ကျောင်းသားအမှတ်-ဘီ-၁၇ ဒေါ်ညွှန့်ညွှန့်ရွှေ (နည်းပြ) သူနာပြုတက္ကသိုလ် (မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျောင်းသားအမှတ်-အေ-၁၄၃ ဒေါ်တင်မေလတ်(ကထိက) ရတနာပုံတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာနတို့အား လည်းကောင်း၊ စံပြအဆောင်ဆုရ သင်တန်းသားတပ်ခွဲ အမျိုးသား အမှတ်(၁) တပ်ခွဲ အဆောင်(၃)၊ သင်တန်းသူတပ်ခွဲ အမျိုးသမီး အမှတ်(၅) တပ်ခွဲ အဆောင်(၆) တို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသား ခေါင်းဆောင်များထံ ပေးအပ်ကာ သင်တန်းဆင်းတက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သင်တန်းသား ၆၁ ဦး၊ သင်တန်းသူ ၄၇၂ ဦး စုစုပေါင်း ၅၃၃ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၃-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
- ၈း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၁၅ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၂၅ ၉။ အဆိုပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ-တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
- ၄း၅၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၅း၁၅ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၀ ၈။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ တေးဂီတအစီအစဉ်
- ၆း၃၅ ၁၂။ "သဘာဝဘေးအန္တရာယ်များ"
- ၆း၅၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၁၉)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ "ကမ္ဘာကျော်သရုပ်ဆောင်များ"
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ" (အပိုင်း-၁၄)**
- ၁၉။ အစီအစဉ်ပြီး၏။

လက်ပံတန်းမြို့၌ စာပေဟောပြောပွဲ ကျင်းပ

လက်ပံတန်း မတ် ၂၇

လက်ပံတန်းမြို့ ကျွန်းကလေး အောင်မင်္ဂလာသိမ်ဦးကျောင်း ဓမ္မာရုံ၌ မတ် ၂၀ ရက် ည ၇ နာရီက ရန်ကုန်မြို့ မွန်မြတ်ကရုဏာ နာရေးကူညီမှုအသင်းမှ လက်ပံတန်းမြို့ ကျွန်းကလေး မေတ္တာကရုဏာ နာရေးကူညီမှုအသင်းအတွက် မော်တော်ယာဉ်လှူဒါန်းခြင်းနှင့် ကျွန်းကလေးစာကြည့်တိုက်အတွက် စာအုပ်စာစောင်များလှူဒါန်းခြင်း အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို ကျင်းပရာ ရန်ကုန်မြို့ မွန်မြတ်ကရုဏာ နာရေးကူညီမှုအသင်းနာယက စာရေးဆရာကြီး ဦးအောင်သင်းက လက်ပံတန်းမြို့ ကျွန်းကလေး မေတ္တာကရုဏာ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းထံသို့ မော်တော်ယာဉ်နှင့် ပတ်သက်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပြီး ရန်ကုန်မြို့ ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်က ဂျာနယ်မျိုးစုံကို လည်းကောင်း၊ ရန်ကုန်မြို့ မီးအိမ်ရှင် စာအုပ်တိုက်ပိုင်ရှင် ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က လတ်တလော ထွက်ရှိထားသော ကျန်းမာပျော်ရွှင် မီးအိမ်ရှင် စာအုပ်အပါအဝင် မီးအိမ်ရှင် စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိသမျှ စာအုပ်အားလုံးကို လည်းကောင်း ကျွန်းကလေး စာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။**(အောက်ပုံ)** (ကြေးမုံ)

အလက(၃)အလုံ အာစရိယပူဇော်မည်

ရန်ကုန် မတ် ၂၇

အလက(၃)အလုံ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၃ ရက် နံနက် ၁၁ နာရီတွင် အဆိုပါကျောင်းရှိ သဇင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် အဝေးရောက် ဆရာကြီး၊ ဆရာမကြီးများ၊ တက်ရောက်ပူဇော်ခံပါရန်၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို အလက(၃) အလုံ ဖုန်း-၀၁-၂၂၁၇၁၂၊ ကိုအောင်ကျော်ထင် ဖုန်း-၀၉-၅၁၅၃၃၈၈၊ ကိုကြည်သန်း ဖုန်း-၀၉-၅၁၄၈၅၁၈၊ မသင်းသင်းမိုး ဖုန်း-၀၁-၂၁၁၂၆၃၊ ဒေါက်တာအောင်ခိုင်စည် ဖုန်း-၀၉-၅၁၄၆၇၀၃ နှင့် ကိုစံစံ ဖုန်း-၀၉-၇၃၁၆၃၅၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် အောင်သန်းထွဋ် ငလျင်ဒဏ်သင့်ဒေသရှိ ရေတွင်း/ ရေကန်များအတွင်း ကလိုရင်း ရေသန့်ဆေးရည်များ ခတ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✳ ကျောဖုံးမှ

တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၆ ရက် ညနေ ၄ နာရီတွင် တာလေတပ်နယ်ရှိ အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် ဝန်ကြီး ဦးမောင်မောင်ဆွေက ငလျင်ဒဏ်သင့် တာချီလိတ်တပ်နယ်နှင့် တာလေတပ်နယ်တို့မှ တပ်နယ်မိသားစုဝင်များနှင့် ငလျင်ဒဏ်သင့် မြို့နယ်နှင့် ကျေးရွာတို့မှ ဒေသခံပြည်သူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် တာချီလိတ်တပ်နယ်ရှိ နယ်ခြားစောင့်တပ်မိသားစုဝင်များနှင့် တွေ့ဆုံပြီး ဗိုလ်ချုပ်အောင်သန်းထွဋ်က အားပေးစကားပြောကြားကာ မိသားစုဝင်များအတွက် အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်အောင်သန်းထွဋ်၊ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်သင့် တပ်နယ်မိသားစုဝင်များကို အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်၍ တာချီလိတ်တပ်နယ်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော ငလျင်ဒဏ်သင့် မြို့နယ်နှင့် ကျေးရွာတို့မှ ဒေသခံပြည်သူ လူနာများအား လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ထောက်ပံ့ပေးအပ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ် မိုင်းလင်းကျေးရွာအုပ်စု ကျေးရွာ ၁၀ ရွာမှ ဒေသခံပြည်သူများအတွက် ထောက်ပံ့ငွေ၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ ဆေးဝါးပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

အားပေးစကားပြောကြား

ဗိုလ်ချုပ်အောင်သန်းထွဋ်သည် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၇ ရက် နံနက်ပိုင်းတွင် ငလျင်ဒဏ်သင့် မိုင်းလင်းကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများအား အားပေးစကားပြောကြားကာ မိုင်းလင်းကျေးရွာအုပ်စု ကျေးရွာ ၁၀ ရွာမှ ဒေသခံပြည်သူများအတွက် ထောက်ပံ့ငွေ၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ ဆေးဝါးပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်သင့် ကျေးရွာများ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များက ငလျင်ဒဏ်သင့် ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငလျင်ဒဏ်သင့်ဒေသရှိ ရေတွင်း/ရေကန်များအတွင်း ကလိုရင်း ရေသန့်ဆေးရည်များ ခတ်နေမှုနှင့် တာလေမြို့နှင့် မိုင်းလင်းကျေးရွာတို့၏ အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ပျက်စီး

ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၊ တာချီလိတ်-တာ
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဒေသအာဏာပိုင်အဖွဲ့ အ

သွားသည့် ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၊ တာချီလိတ်-တာလေလမ်းပိုင်းနှင့် တာလေတံတားတို့ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဒေသအာဏာပိုင် အဖွဲ့အစည်းတို့က စက်ယန္တရားကြီးများ အသုံးပြု၍ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရန် အချိန်မီပြန်လည်ပြုပြင်နေမှုနှင့်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ကျိုင်းတုံ - တာချီလိတ် ပြည်ထောင်စုလမ်းမကြီးနှင့် တာလေတံတားတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ပြုပြင်ခဲ့ပြီးဖြစ်၍ ယနေ့မွန်းလွဲ ၁ နာရီ ၅ မိနစ်မှစ၍ ယာဉ်ကြီး၊ ယာဉ်ငယ်များနှင့် ခရီးသည်တင်ယာဉ်များ ပုံမှန်ဖြတ်သန်းသွားလာ အသုံးပြုနိုင်ပြီဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ် ငလျင်ဒဏ်ကြေ
တာချီလိတ်-တာလေ လမ်းပိုင်းနှင့် တာလေတံတားတို့ကို စက်ယန္တရားဖြ

လှည့်လည်ကြည့်ရှု

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်၊ တာဝန်ရှိသူများနှင့်အတူ မတ် ၂၇ ရက် နံနက် ၈ နာရီတွင် တာချီလိတ်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိသော ငလျင်ဒဏ်သင့်ဒေသခံလူနာများအား လှည့်လည်ကြည့်ရှု၍ အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် တာချီလိတ်တပ်နယ်ခန်းမ၌ ငလျင်ဒဏ်သင့် ကျကူနီကျေးရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ဝန်ကြီး ဦးမောင်မောင်ဆွေက အားပေးစကားပြောကြား၍ သဘာဝဘေးအန္တရာယ်ကြုံတင်ကာကွယ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မှာကြားကာ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ငလျင်ဒဏ်သင့် ပြည်သူများအား ထောက်ပံ့ငွေ၊ ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြရာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ တာချီလိတ်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော ငလျင်ဒဏ်သင့် ဒေသခံလူနာများအား အားပေးစကား ပြောကြားစဉ်။

(သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ငလျင်ဒဏ်သင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

...စုလမ်းမကြီး၊ တာချီလိတ်-တာလေလမ်းပိုင်းနှင့် တာလေတံတားတို့ကို ...င့် ဒေသအာဏာပိုင်အဖွဲ့ အစည်းတို့က အချိန်မီပြန်လည်ပြုပြင်

...ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွန်း လျှင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၊ ...မ်းပိုင်းနှင့် တာလေတံတားတို့ကို စက်ယန္တရားကြီးများဖြင့် ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွန်း လျှင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ကျိုင်းတုံ - တာချီလိတ် ပြည်ထောင်စုလမ်းမကြီးနှင့် တာလေတံတားပေါ်မှ ယာဉ်ကြီး၊ ယာဉ်ငယ်များနှင့် ခရီးသည်တင်ယာဉ်များ ပုံမှန်ဖြတ်သန်းသွားလာနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

...ထမ်း၊ ...နေရာ ...်နကြီး ...ယ်စပ် ...ျိုးများ ...ည်ပင် ...ုတိယ ...မာရေး ...်နကြီး ...်ထမ်း၊ ...နေရာ ...ုတိယ ...န်ရှိသူ ...နံနက် ...ြည်သူ့ ...့လျက် ...ဒေသခံ ...ည့်ရှု၍ ...တက်ပံ့

ယင်းနောက် တာချီလိတ် တပ်နယ်ခန်းမ၌ လျှင်ဒဏ်သင့် ကျကူနီကျေးရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ဝန်ကြီး ဦးမောင်မောင်ဆွေက အားပေးစကားပြောကြား၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၊ ကယ်ဆယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မှာကြားကာ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လျှင်ဒဏ်သင့်ပြည်သူများအား ထောက်ပံ့ငွေ၊ ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြရာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့် လျှင်ဒဏ်သင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

...တိုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ...ကြီး ဦးမောင်မောင်ဆွေ တာချီလိတ်မြို့ ...င့် ဒေသခံလူနာများအား အားပေးစကား

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွန်း လျှင်ဒဏ်သင့်ကျေးရွာများ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များက လျှင်ဒဏ်သင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၃-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"အဂ္ဂိဝစ္ဆသုတ်"တရားတော် (ဆရာတော်ဦးယောသိတ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၅၆)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၄)**
၈း၄၀	Kanebo 10th Anniversary Time Show (Part-2)
၉း၁၅	ဗုဒ္ဓသာသနာရောင်ဝါ ထိန်လင်းလျက်. . . (အောင်ဇမ္ဗူတောရဓမ္မရိပ်သာ)
၉း၃၀	ပုသိမ်မြို့ အထက(၁) (ယခင်ဟိုက်စကူးကျောင်း)၏ လူမှုရေးနှင့်ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့
၉း၅၅	Activities In The City [အမက(၁၅) ကြည့်မြင်တိုင်မြို့နယ်၏ ပထမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနား]
၁၀း၀၅	Activities In The City (Ebara Hatakeyama Memorial Fund နှင့် MTG Motors Trading Co.,Ltd တို့၏ ဟောပြောပွဲ)
၁၀း၂၅	The Champion of Dance (မြန်မာ့ရိုးရာ သကြန်ယိမ်းအကပြိုင်ပွဲ) (အပိုင်း-၃)
၁၁း၀၀	Celebrity Choice (မင်းသွေး)
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "လာထားအာဘွား"
၁၂း၄၀	စားချင်စဖွယ်နည်းအသွယ်သွယ် (ဟင်းသီးဟင်းရွက်ပေါင်းနှင့် ပဲပြားကိတ်ကြော်)
၁း၀၀	"အဂ္ဂိဝစ္ဆသုတ်"တရားတော် (ဆရာတော်ဦးယောသိတ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	FMF Selection
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၅၆)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၄)**
၄း၄၅	အရိုးအကြောအဆစ်များ ပြန်လည်သန်စွမ်းစေမည့်နှင်းဆီ
၅း၀၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၃၀	Sunday Talk (စိန်မျိုးမြင့်၊ မျိုးမြတ်သူ)
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဗီဒီယိုပြခန်း
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၅၇)**
၇း၂၅	Kanebo 10th Anniversary Time Show (Part-3)
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (ကိုယ်ဝန်ရှိတာကောင်းတယ်၊ ကိုယ်ဝန်မရှိတာကောင်းတယ်)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၅)**
၁၀း၁၅	အရည်အသွေးမြင့်မားသောနည်းပညာမှသည် Giant Elevator & Escalator ဆီသို့
၁၀း၃၀	အနုပညာမိုးကောင်းကင်
၁၀း၅၀	International Show Biz
၁၁း၁၀	အများမြင်စရာနှစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသားဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်) (အပိုင်း-၃)
၁၁း၄၅	ချစ်တတ်ကြရအောင် (ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စန္ဒီးဦး၊ သန်းသန်းစိုး) [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၁၁း၅၅	မန္တလေးမြို့မှတိတ်ဆိတ်ခြင်း၏ ခွန်အားသစ်များ
၁၂း၀၅	ရွှေမိုးဆောင်းဥတုသုံးမျိုး၏ လက်တွဲဖော်မွန်
၁၂း၂၀	နုယဉ်ဆန်းထွင်ပန်းအလှဆင် (စိတ်ကြိုက်ပန်းစည်းထုပ်ပိုးနည်း)
၁၂း၄၅	ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
၁း၀၀	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Hello Baby Kids Shop)
၁း၂၀	ဖွံ့ဖြိုးဝေဆာသပြေတန်းရွာ ခြွေလှေ့စက်လက်မှုပညာ
၁း၂၅	ရင်သွေးငယ်များကြည့်ရှုစရာ Cartoon Animation ပုံပြင်စာအုပ်မှာ
၁း၅၅	ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ. . .
၂း၀၅	ကိုယ်ပိုင်ဟန်ဖက်ရှင် (ပန်းရောင်နှင့်ရွှေရောင်ပုလဲ)
၂း၂၀	ဆန်းသစ်အလှတိုးရွှေချည်ထိုး
၂း၄၀	Shooting Location (မြခွာညို-ငှက်အိမ်)
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	မြန်မာ့သနပ်ခါး
၄း၁၅	ဖိတ်ခေါ်ပါသည် ဖွံ့ဖြိုးဝေစည် ညောင်ကျိုးမြို့ဆီသို့
၄း၃၀	စကားဝါမြေမှ မေတ္တာရှင်ဇီဝိတဒါန အာရောဂျသာလာသံဃာ့ဆေးရုံ
၄း၄၅	ကလောဈေးနေ့
၄း၅၀	ရှေးမူမပျက်ထိန်းသိမ်းဖို့ရာ မြန်မာရွှေချည်ထိုးပညာ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

England U-21 Friendles ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၁၀	England - Iceland	STAR SPORTS (Live)

...တောတွေ ထိန်းသိမ်းစို့

မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၇

မြန်မာပို့စ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၃)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

လေ့လာမှတ်သားဖွယ်

မြန်မာပို့စ်ဂျာနယ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အလားအလာ မျက်နှာဖုံးအထူးသတင်းဆောင်းပါး၊ ရွှေတြိဂံလျှင်ကြောင့် မြန်မာ၊ ထိုင်း၊ လာအို၊ တရုတ်နိုင်ငံတောင်ပိုင်းနှင့် ဗီယက်နမ်နိုင်ငံများတွင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ် မျက်နှာဖုံးဆောင်းပါး၊ တာချီလိတ်၊ တာလေဒေသ မြေငလျင်ကြောင့် ၇၃ ဦးသေဆုံး၊ ၁၂၅ ဦးဒဏ်ရာရမှုအတွက် လွှတ်တော်က ဝမ်းနည်းကြောင်းအဆိုကို အတည်ပြု၊ အိမ်ခြေ ၂၂၄ လုံး၊ ခြောက်ခန်းတွဲလူနေလိုင်းခန်းတစ်ခု၊ သာသနိက အဆောက်အအုံ ၁၁ ခုနှင့် ဌာနဆိုင်ရာ အဆောက်အအုံ ကိုးလုံး ပြိုကျပျက်စီး၊ ပေါ့ဆမီးကြောင့် မုံရွာမြို့၌ အိမ် ၆၄ လုံးမီးလောင် စသည့် မျက်နှာဖုံးသတင်းများ၊ လေ့လာမှတ်သားဖွယ် ဆောင်းပါးများ ပါရှိသည်။

စိတ်ဝင်စားဖွယ်

ထို့အပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း မြန်မာအပါအဝင် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများ၌ ဆောင်ရွက်မည်၊ KOICA ဒုတိယဥက္ကဋ္ဌ၏ ပထမဆုံး မြန်မာနိုင်ငံခရီးစဉ်အဖြစ် လှည်းကူးစီမံကိန်းဒေသသို့ သွားရောက်၊ ပင်လယ်ပြင်မှ ဒုက္ခသည်ရေလုပ်သား ၃၆၃၈ ဦးကယ်ဆယ်ပြီး နေရပ်ပြန်ပို့နိုင်ခဲ့၊ ကျန်ရှိရေလုပ်သားများအား ထပ်မံရှာဖွေကယ်ဆယ်၊ မတ် ၂၂ ရက်မှ ၂၆ ရက်အတွင်း အင်ဒိုချိုင်းနား ကျွန်းဆွယ်တောင်ပိုင်းအထိ မြောက်ဘက်မှ လေအေးများတိုးဝင်လာဖွယ်ရှိ၊ ဌာနဆိုင်ရာဝန်ထမ်းများ ခရီးသွားလာခွင့်အမိန့်ဖြင့် ခရီးသွားလာရာတွင် စည်းကမ်းချက်နှင့် မကိုက်ညီပါက ရထားလက်မှတ်ခ၏ သုံးဆကို ဒဏ်ငွေပေးဆောင်ရမည်စသည့် စိတ်ဝင်စားဖွယ်သတင်းများ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်နှင့် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ကောင်းမှုတော်ဘုရားကြီး ဘက်စုံပြုပြင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၇

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်တို့သည် မတ် ၂၅ ရက်တွင် စစ်ကိုင်းမြို့ရှိ ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကြီး လုံးတော်ပြည့် ရွှေဆေးသက်န်း ကပ်လှူပူဇော်ရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် ဘက်စုံပြုပြင်မွမ်းမံရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းမှူးများသည် ကောင်းမှုတော်ဘုရားကြီး တောင်ဘက်မုခ် အာရုံခံရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ တိုင်းမှူးများသည် ဘုရားရင်ပြင်တော်၌ ခရေပင် စိုက်ပျိုးထားရှိမှုနှင့် ရင်ပြင်တော်ပတ်လည် ခြောက်ပေအကျယ် လူသွားလမ်း နေပူခံကျောက်ပြားခင်းကျင်းထားရှိမှု၊ ဘုရားကြီး လုံးပတ်တော် ရွှေဆေးသက်န်း ကပ်လှူပူဇော်ထားရှိမှု လုပ်ငန်းအခြေအနေများ၊ ဘက်စုံပြုပြင်မွမ်းမံခြင်း ဆောင်ရွက်ထားရှိမှုများ၊ ရာဇမဏိစူဠာ မူရင်းကျောက်စာ ဆေးသုတ်မွမ်းမံထားရှိမှုနှင့် နတ်ရုပ်လိုဏ်ပေါင်းများ၊ နဂါးရေပြွန်များ၊ ပတ်လည်ကျောက်တိုင်များ မွမ်းမံ ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကောင်းမှုတော်ဘုရားကြီး ဧည့်ခန်းမဆောင်၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပရာ ရှေးဦးစွာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ထားရှိမှု၊ လုံးပတ်တော် ရွှေဆေးသက်န်းကပ်လှူပူဇော်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီးလုပ်ငန်း ပူဇော်ထားရှိမှုနှင့် ဘုရားကြီးပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

စစ်ကိုင်းမြို့ ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကြီးအား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လုံးတော်ပြည့်ရွှေဆေးသက်န်းကပ်ခြင်းနှင့် ဘက်စုံပြုပြင် တိုးချဲ့ခြင်းလုပ်ငန်းများကို တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုသိုလ်ရှင်များနှင့် ပြည်သူများက ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရာနှုန်းပြည့် ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ဘုရားဖူးပြည်သူများ အေးချမ်းစွာ အပန်းဖြေရင်း ကုသိုလ်ယူနိုင်ရန် ကောင်းမှုတော်ဘုရားကြီး၏ အဝင်လမ်းဘေး ဝဲ၊ ယာ တစ်လျှောက်တွင် အဆင့်မီ သာယာလှပသော ဥယျာဉ်တော်နှင့် ပန်းအလှပင်များ ဆောင်ရွက်ထားရှိကြောင်း၊ ယခုအခါတွင် ကောင်းမှုတော်ဘုရားကြီးအား အများပြည်သူကုသိုလ်ရှင်များ၏ သဒ္ဓါထက်သန်စွာဖြင့် လုံးတော်ပြည့် ရွှေဆေးသက်န်းများ ကပ်လှူပူဇော်ခဲ့ရာ ကြည်ညိုတင့်တယ်စွာ သပ္ပာယ်လှ၍ အမျိုးဘာသာမရွေး မြို့/ရွာ ဒေသတို့မှ လူမျိုးစုံတို့သည် ကောင်းမှုတော်ဘုရားကြီးအား နေ့ရောညပါ လာရောက်ဖူးမြော်လျက်ရှိကြကြောင်းနှင့် ဘုရားဖူးလာ ပြည်သူများ ငြိမ်းချမ်းသာယာ၍ အမြဲပင် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်ဖက်သောမိဘ ကျေးဇူးရှင်များကို ရည်စူးလျက် ခပေါင်းလမ်း လှိုင်မြို့နယ် ရန်ကုန်မြို့နေ သံအမတ်ကြီး ဦးဝင်းလွင်(ငြိမ်း)-ဒေါက်တာဒေါ်သန်းသန်းနွဲ့ မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ဆောက်လုပ်လျက်ရှိသော သံဃာဆေးကုသဆောင်သစ်ကြီးတွင် အသုံးပြုရန် သံဃာတစ်ပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရို တစ်စုံအတွက် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အရန်အဖွဲ့ဝင် ဦးအောင်သင်းဝင်း လက်ခံစဉ်။ (သတင်းစဉ်)

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၂၇

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)၏ (၄၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ အသက်(၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲ၊ ၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများနှင့် ဂုဏ်ထူးအလိုက် ပညာရည်ချွန်ဆုပေးပွဲတို့ကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်း(၃)လမ်းရှိ တန့်ဆည်မြို့နယ်အသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ၊ မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် အသက်(၇၅)နှစ်အထက် သက်ကြီးပုဂ္ဂိုလ်များစာရင်း၊ ၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ အသင်းဝင် သား၊ သမီးများ၏ အမှတ်စာရင်းမိတ္တူနှင့် ပညာရပ်ဆိုင်ရာ ပါရဂူဘွဲ့လက်မှတ်မိတ္တူတို့ကို ဧပြီ ၂ ရက်ထက်နောက်မကျစေဘဲ ပေးပို့ကြရန်နှင့် အပူဇော်ခံပုဂ္ဂိုလ်များနှင့် ဆုလက်ခံမည့် ကျောင်းသား၊ ကျောင်းသူများသည် ကိုယ်တိုင်(သို့မဟုတ်) မိဘ တက်ရောက်ကြရန်ဖြစ်ပြီး ဒုတိယဥက္ကဋ္ဌ ဦးချစ်မွေး ဖုန်း-၆၄၆၅၆၆ နှင့် အတွင်းရေးမှူး ဦးမြင့်အောင် ဖုန်း-၀၉-၅၀၁၉၅၉၂၊ ၀၉-၅၀၁၈၁၁၇ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

Dong Luc Group (Vietnam) နှင့် Cherry Xeno Trading Co., Ltd. (Myanmar)တို့ ပူးပေါင်း၍ အားကစားပစ္စည်း အမျိုးမျိုး မိတ်ဆက်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Chu Cong Phung အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အားကစားပစ္စည်းသစ် မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၇

Dong Luc Group (Vietnam) နှင့် Cherry Xeno Trading Co.,Ltd. (Myanmar)တို့ ပူးပေါင်း၍ အားကစားပစ္စည်းအမျိုးမျိုး မိတ်ဆက်ပွဲအခမ်းအနားကို မတ် ၂၃ ရက် ညပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Chu Cong Phung က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် Dong Luc Group (Vietnam) ဥက္ကဋ္ဌ Mr.Thanh နှင့် Cherry Xeno Trading Co.,Ltd. (Myanmar) မန်နေဂျင်းဒါရိုက်တာ ဦးကျော်သိန်းတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့အား Dong Luc Group ဥက္ကဋ္ဌ Mr. Thanh က အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

Dong Luc Group သည် ဗီယက်နမ်နိုင်ငံတွင် Dong Luc အမှတ်တံဆိပ်ဖြင့် အားကစားပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီဖြစ်သည်။ အင်္ဂလန်နိုင်ငံ မူရင်းအမှတ်တံဆိပ်ဖြစ်သောMITRE နှင့် အမေရိကန်နိုင်ငံ မူရင်းအမှတ်တံဆိပ်ဖြစ်သော EBETE အားကစားပစ္စည်း အမျိုးမျိုးကိုလည်း တရားဝင်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိသည်။

အဆိုပါ Dong Luc Group (Vietnam) နှင့် Cherry Xeno Trading Co.,Ltd. (Myanmar) တို့ ပူးပေါင်း၍ ဗီယက်နမ်နိုင်ငံမှ ထုတ်လုပ်သော အထက်ပါအမှတ်တံဆိပ် အားကစားပစ္စည်းအမျိုးမျိုး၊ အားကစား စပို့ရှပ်အမျိုးမျိုး၊ အားကစားဖိနပ်အမျိုးမျိုး၊ ဘောလုံးအမျိုးမျိုး၊ ကြက်တောင်၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ရေကူး စသည့် အားကစားများတွင် အသုံးပြုသောပစ္စည်းအမျိုးမျိုး၊ ဂေါက်သီးရိုက်ကစားခြင်းအတွက် လိုအပ်သောပစ္စည်းအမျိုးမျိုး၊ ကိုယ်ကာယကြံ့ခိုင်မှုနှင့် ကျန်းမာရေးလေ့ကျင့်ခန်းများတွင် ပြုလုပ်နိုင်သော စက်ကိရိယာပစ္စည်းအမျိုးမျိုးတို့ကို ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

အဆိုပါပစ္စည်းများအား ဝယ်ယူလိုပါက ရန်ကုန်မြို့ ပြည်လမ်း တော်ဝင်စင်တာ အခန်းအမှတ် (၄၀၂၃) (level-3) ရှိ " D " Olympic ပြခန်း၌ ဝယ်ယူနိုင်သည်။

အားကစားပစ္စည်းများအား အရောင်းမြှင့်တင်ကာလအဖြစ် ယနေ့မှစ၍ တစ်လအတွင်း ဝယ်ယူသူများအား ၁၀ ရာခိုင်နှုန်း လျှော့ချရောင်းပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရေကန်ရှင်းလင်း

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သိကြားဘုရားရေကန် ၁၇ ကန်အတွင်းရှိ မှော်ပင်များ၊ ဒိုက်များ၊ မြက်များနှင့် ကြာပင်များအား မတ် ၁၀ ရက်က အဖွဲ့ဝန်ထမ်းများနှင့် ပြည်သူများ ရှင်းလင်းဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမောင်တိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုလမ်းသစ်များဖွင့်

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်၌ ဆောင်ရွက်ခဲ့သည့် မုရစ်ကလေး-ခရိုက်ဒူး-ဆယ်ပလာလမ်း ကျောက်ရောမြေလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက် နံနက် ၁၀ နာရီက အဆိုပါလမ်း မုခ်ဦး၌ ကျင်းပရာ ချောင်းဆုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညီညီခိုင်နှင့် အမှုဆောင်အရာရှိ ဦးကိုကိုနိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့သော ရေးမြို့ အောင်မင်္ဂလာရပ်ကွက် ပုပ္ပားလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းနိုင်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးအောင်ထွဋ်တို့ မတ် ၁၆ ရက်က ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရမ်းပြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ဦးဥတ္တမလမ်း တံတားဖွင့်ပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူနှင့် မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးထွန်းခင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က (၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်၌ ဆောင်ရွက်သော တရာဘကျေးရွာ စိမ့်စမ်းရေသွယ်ပိုက်လိုင်း ဖွင့်ပွဲအခမ်းအနားကို မတ် ၁၄ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်၊ အမှုဆောင်အရာရှိနှင့် တရာဘကျေးရွာဥက္ကဋ္ဌတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူတို့က နိုင်ငံတကာအဆင့်မီ အားကစားဝန်ကြီးဌာန သိမ်ဖြူ အားကစားခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (အား/ကာ)

သိမ်ဖြူအားကစားခန်းမ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂၇

နိုင်ငံတကာအဆင့်မီ အားကစားဝန်ကြီးဌာန သိမ်ဖြူအားကစားခန်းမ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အဆိုပါ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မှ တာဝန်ခံနာယကကြီးများနှင့် ဗဟိုလုပ်ငန်းကော်မတီဝင်များ၊ ရွှေသံလွင်ထရေးဒင်းကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ ရွှေသံလွင်ထရေးဒင်းကုမ္ပဏီလီမိတက် နာယက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီနီနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းတို့က သိမ်ဖြူအားကစားခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရွှေသံလွင်ထရေးဒင်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌက အားကစားဝန်ကြီးဌာနသို့ သိမ်ဖြူအားကစားခန်းမနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုက်ကွမ်ဒိုအားကစားအဖွဲ့၊ လက်ဝှေ့အားကစားအဖွဲ့၊ ကရာတေးဒိုအားကစားအဖွဲ့၊ ဝူရှူး အားကစားအဖွဲ့နှင့် အေရိုးဗစ်အားကစားအဖွဲ့တို့က အားကစားသရုပ်ပြသကြပြီး ဂျူဒိုဗိုလ်လုပွဲများကို ယှဉ်ပြိုင်ကစားကြကာ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် နံနက် ၁၁ နာရီတွင် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) သင်တန်းခန်းမ၌ ကျင်းပသော ၂၀၁၁ခုနှစ် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၁၀ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား အမှာစကားပြောကြားပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေး နေ့တွင် ချီးမြှင့်ခဲ့သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ဝန်ထမ်းများအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၁၀ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ပြီး ဆုရဓာတ်ပုံများနှင့် ဆုရစာမူများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ရုံးခန်းအသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောက်ပိုင်းဒေသများ ကွက်ကျားမိုး ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ မန္တလေးတိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရန်ကုန်တိုင်း ဒေသကြီးတွင် မတ်လ၏ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မတ်လ၏ပျမ်းမျှ အပူချိန်အောက် ၇ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၁၀ ဒီဂရီစင်တီဂရိတ်လျော့ခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကော့သောင်းမြို့တွင် ၄ ဒသမ ၁၇လက်မ၊ တံတားဦးမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ကျိုင်းတုံမြို့တွင် ၁ ဒသမ ၁၅ လက်မ၊ လားရှိုးမြို့တွင် သုည ဒသမ ၈၆ လက်မ၊ မိုင်းဆတ်မြို့တွင် သုည ဒသမ ၇၁ လက်မ၊ ကသာမြို့တွင် သုည ဒသမ ၆၇ လက်မ၊ ကလေးဝမြို့တွင် သုည ဒသမ ၆ ၃လက်မ၊ ပြင်ဦးလွင်မြို့တွင် သုည ဒသမ ၅၉ လက်မနှင့် မန္တလေးမြို့တွင် သုည ဒသမ ၅၅ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၂၈ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်မြေပြင်လေသည် ၁ နာရီလျှင် ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

စင်ကာပူအမျိုးသားတက္ကသိုလ်မှ ဝင်ခွင့်စာမေးပွဲ လာရောက်စစ်ဆေးမည်

ရန်ကုန် မတ် ၂၇

စင်ကာပူအမျိုးသားတက္ကသိုလ် National University of Singapore (NUS)၏ Institute of System Analysis တွင် ၂၀၁၁ ဩဂုတ်လ Intake အတွက် Graduate Diploma in System Analysis ဘွဲ့လွန်ဒီပလိုမာကို တက်ရောက်လိုသူများအတွက် ဝင်ခွင့်စာမေးပွဲကို မြန်မာနိုင်ငံ၌ လာရောက်စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘွဲ့လွန်သင်တန်းမှာ နှစ်စဉ် ဖေဖော်ဝါရီလအတွက် တစ်ကြိမ်၊ ဩဂုတ်လအတွက် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် ခေါ်ယူလေ့ရှိပြီး ၂၀၁၀ စာသင်နှစ်မှစ၍ ဩဂုတ်လစာသင်နှစ်အတွက် တစ်ကြိမ်သာ ခေါ်ယူခဲ့ကြောင်း၊ ယခုအခါတွင် ၂၀၁၁ ဩဂုတ်လ စာသင်နှစ်အတွက် စတင်လျှောက်ထားနိုင်ပြီး ဝင်ခွင့်ဖြေဆိုရမည့် Aptitude Test အတွက် အခမဲ့ရက်တိုသင်တန်းကို မတ် ၂၆ ရက်မှ စတင်ကာ CROWN Education ၌ ပို့ချပေးလျက်ရှိကြောင်း သိရသည်။

ဘွဲ့လွန်ဒီပလိုမာ တက်ရောက်ရန်အတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိရန် လိုအပ်ပြီး (Science ဘွဲ့ကို ပိုပြီးဦးစားပေးပါသည်။) IELTS / TOEFL အမှတ်မရရှိသူများပါ လျှောက်ထားနိုင်သည်ဟု သိရသည်။ကွန်ပျူတာ Programming / Web Developing အလုပ်အကိုင် အတွေ့အကြုံရှိသူများအတွက် ဝင်ခွင့်ရရှိရန် အခွင့်အရေးပို၍ များနိုင်ပြီး ကျောင်းလျှောက်ထားရာတွင် Online မှ လျှောက်ထားရန် လိုအပ်ကာ သတ်မှတ် အရည်အချင်းပြည့်မီသူများကို ဝင်ခွင့်စာမေးပွဲဖြေဆိုနိုင်ရန် CROWN Education မှ စီစဉ်ဆောင်ရွက်ပေးမည်ဟု သိရသည်။

ကျောင်း၏အင်တာနက် စာမျက်နှာတွင် ဖော်ပြထားသော လျှောက်လွှာပိတ်ရက်ကို နိုင်ငံတကာ ကျောင်းသားများအတွက် May,16,2011တွင် လျှောက်လွှာတင်ရန် နောက်ဆုံးရက်ဟုဖော်ပြထားသော်လည်း မြန်မာနိုင်ငံ၌ စာမေးပွဲလာရောက် စစ်ဆေးနိုင်ရန် April 30 တွင် နောက်ဆုံးထားပြီး လျှောက်ထားရန် လိုအပ်သည်ဟု သိရသည်။ အဆိုပါ သတ်မှတ်ထားသော နေ့ထက် နောက်ကျရောက်လာသော လျှောက်လွှာရှင်များအနေဖြင့် ဝင်ခွင့်စာမေးပွဲကို စင်ကာပူတွင် ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက CROWN Education, Summit Parkview Hotel,ဖုန်း-၂၁၁၈၈၈၊(Ext ၂၂၈/၂၂၉) နှင့် ၀၉ ၅၀၈၅၁၈၅ တို့သို့ ဆက်သွယ် စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

မြဝတီ မတ် ၂၇

ဦးအောင်ချမ်းမြေ့သည် ကစားဖော်များဖြစ်ကြသော ဦးခင်မောင်ဝင်း၊ ဦးဟိန်းရာဇာ၊ ဦးအောင်စိုး၊ ဦးဇော်မင်းတို့နှင့်အတူ မတ် ၂၃ ရက်က မြဝတီမြို့ မြစန္ဒီဂေါက်ကလပ်၌ ဂေါက်သီးရိုက်ကစားစဉ် Titleist No(2) ဘောလုံးကို MIZUNO MASTER IRON NO.(8) သံတုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၆၀ အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်းသိရှိရသည်။

(၅၇၀)

အိမ်မဲမြို့ မြို့မဈေး မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်

အိမ်မဲ မတ် ၂၇

အိမ်မဲမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မတ် ၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် မြို့မဈေး အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဝန်ထမ်းများ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်နေမှုနှင့် မီးဘေးကာကွယ်ရေးပစ္စည်းများ၊ မီးသတ်စက်များ ကြံ့ခိုင်မှု အခြေအနေများကို လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုး၊ တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းဇော်တို့ ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၁၃)ထွက်ရှိ

ရန်ကုန် မတ် ၂၇

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇) အမှတ်(၁၃)၌ "တာချီလိတ်နှင့် ကျိုင်းတုံတွင် ငလျင်ကြီးလှုပ်" နောက်ဆုံးရသတင်း၊ ဓာတ်ပုံများနှင့်အတူ စနေဂြိုဟ်နှင့်ကမ္ဘာ တစ်တန်းတည်းကျမည် ဂြိုဟ်ဆွဲအားကြောင့် ငလျင်ဖြစ်ပေါ်နိုင်၊ ထိုင်းဗီဇာကြေး ၂၀၁၂ မတ်လအထိ ကင်းလွတ်ခွင့်ရမည်၊ မုံရွာ၌ ၅၄ နှစ်အတွင်း ဒုတိယအကြီးမားဆုံး မီးလောင်မှုဖြစ်၊ မြန်မာ့ပို့ကုန်ကဏ္ဍ ကန်ဒေါ်လာသန်း ၃၀၀၀ ကျော်အထိ မြင့်တက်၊ ဆီစာအုပ်တစ်အုပ်ထက် ပိုလုပ်ပါက အရေးယူမည်၊ မန္တလေး-မြစ်ကြီးနား ရထားစက်ခေါင်းဘီးချော်၊ Air KBZ ဧပြီ ၂ ရက်တွင် ပျံသန်းမည်၊ ဇီဝလုံခြုံရေး မွေးမြူရေးလုပ်ငန်းရှင်များ ပြုလုပ်လာကြ၊ ဝက်နားရွက်ပြာ ထိန်းချုပ်နိုင်ပြီ၊ သမိုင်းတွင်ခဲ့သည့် တက်ထောင်ခြင်းစကားကို မိန့်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ လေးစားဖွယ် တန်ဖိုးပတ္တိဉာဏ်စသည့် ဖတ်စရာ၊ မှတ်စရာ သတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိ လာပြီဖြစ်သည်။

"နျူကလီးယားစွမ်းအင်ဆိုတာ လုံးဝအလျဉ်း ထိန်းချုပ်လို့မရတဲ့ အရာဖြစ်တယ်" ဂျာမန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးခေါင်းဆောင် ကလော်ဒီယာရော့သ်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံခြင်း၊ **နှစ်(၁၅၀)မြောက်မွေးနေ့နှင့် အီတလီနိုင်ငံ တည်တံ့ရေး၊** ဆူနာမီလှိုင်းကြောင့် ပင်လယ်ငှက်ထောင်နှင့်ချီ၍သေ၊ မြေငလျင်နှင့် ဆူနာမီအပြီး နှင်းကျဆင်းမှုဘေးဒုက္ခကို ဂျပန်ပြည်သူများ ဆက်လက်ရင်ဆိုင်နေရ၊ ဂျပန်မြေငလျင်ကြောင့် အာရှစီးပွားရေးစိုးရိမ်စရာဖြစ်၊ ကမ္ဘာလှည့်ခရီးသွား ဗီဇာတစ်ခုတည်းဖြင့် အာဆီယံတစ်လွှား သွားလာနိုင်ဖွယ်ရှိ၊ မြေယောဂကျင့်စဉ်ဖြင့် ကျန်းမာရေးကို အထောက်အကူပြုစေနိုင်စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)



မတ် ၂၆ ရက် (စနေနေ့) နံနက်ပိုင်းက နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် အဆင့်မြင့်မင်္ဂလာဈေး၏ သုံးနှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကို အဆိုပါ ဈေးခန်းမ၌ကျင်းပရာ ဧည့်ပရိသတ်များနှင့် ကလေးငယ်များအား အကျွေးအမွေးဖြင့် ဧည့်ခံစဉ်။

(ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွင့်၊ တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးနှင့် ဝန်ကြီး ဦးမောင်မောင်ဆွေ လျောင်ဒဏ်သင့် မြို့နယ်နှင့် ကျေးရွာများကို လှည့်လည်ကြည့်ရှု၊ လျောင်ဒဏ်သင့်ပြည်သူများအား

အားပေးစကားပြောကြား၍ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

နေပြည်တော် မတ် ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွင့်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးတင်ငွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ပိုင်စိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်နှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့✳**

မိုးရေချိန်စံချိန်သစ်

နေပြည်တော် မတ် ၂၇

ယနေ့ နံနက် ၉ နာရီခွဲတွင် တံတားဦးစခန်း၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၄၆ မီလီမီတာ (၁ ဒသမ ၈၁)လက်မသည် ယင်းမြို့၏ စခန်းဖွင့်လှစ်သည့်အချိန်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း ၁၈ နှစ်အတွင်း မတ်လအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၄၂ မီလီမီတာ (၁ ဒသမ ၆၅)လက်မဖြစ်ပြီး ၂၀၀၀ ပြည့်နှစ် မတ် ၃၀ ရက်တွင် ရွာသွန်းခဲ့ခြင်း ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်း ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွင့်နှင့် တာဝန်ရှိသူများ တာချီလိတ်တပ်နယ်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော လျောင်ဒဏ်သင့်မြို့နယ်နှင့် ကျေးရွာတို့မှ ဒေသခံပြည်သူလူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)